ကေအန်ယူ–ကရင်အမျိုးသားအစည်းအရုံး

မူတြော်ခရိုင်

ကော်သူးလေ

## မူတြော်ခရိုင်/KNLA အမှတ်(၅)တပ်မဟာနယ်မြေတွင်အာဏာသိမ်းစစ်အုပ်စု၏လေယာဉ်ဖြင့် ဗုံးကြဲပစ်ခတ်ပြီး၎င်းတို့ ပြု လုပ်သည့်သတင်းစာရှင်းလင်းပွဲမှဗိုလ်မှူးချုပ်(ဇော်မင်းထွန်း)၏ ပြောဆိုရှင်းလင်းချက်အားပြန်လည်ကန့်ကွက်ခြင်း။

ရက်စွဲ – ၂၀ ဧပြီလ ၂၀၂၂

တိုင်းပြည်အာဏာသိမ်းစစ်အာဏာရှင်အုပ်စုသည် (KNLA)အမှတ်(၅) တပ်မဟာထိန်းချုပ် နယ်မြေအတွင်းရှိကျေးရွာများသို့ စစ်တိုက်လေယာဉ်များဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်ပစ်ခတ်ခဲ့ပါသည်။ ထို့နောက်သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါသည်။ ထိုသတင်းစာရှင်းလင်းပွဲတွင်အာဏာသိမ်းစစ်အုပ်စုသတင်းမှန်ပြန်ကြားရေးဌာနတာဝန်ရှိသူဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှရှင်းလင်းပြောကြားသွားသည်မှာKNLAအ မှတ်(၅)တပ်မဟာဒေသအတွင်းလေယာဉ်ဖြင့်လာရောက်ဗုံးကြဲပစ်ခတ်ရခြင်း၏အကြောင်းမှာ(KNLA)အ မှတ်(၅)တပ်မဟာသည် ငြိမ်းချမ်းရေးမလိုလားပဲခေါင်းမာပြီး (NCA)အပစ်ရပ်စာချုပ်ပါကျင့်ဝတ်စည်း ကမ်းများကိုအကြိမ်ကြိမ်ချိုးဖေါက်သည့်အတွက်၎င်းတို့မှလေယာဉ်ဖြင့်လာရောက် ဗုံးကြဲပစ်ခတ်၍သတိပေး ခြင်းသာဖြစ်သည်ဟုရှင်းလင်းပြောကြားခဲ့သည်မှာ လုံးဝမဟုတ်ပါ။အဘယ်ကြောင့်ဆိုသော်လေယာဉ်ဖြင့် ဗုံးကြဲပစ်ခတ်မှုမလုပ်ခင်အကြိမ်ပေါင်းမြောက်များစွာ (Drone)ဖြင့်၎င်း၊လေယာဉ်ဖြင့် ၎င်း၊ရည်ရွယ်ချက်ရှိရှိစုံစမ်းပြီးမှဗုံးလာကြဲသွားခြင်းဖြစ်ပါသည်။

ထိခိုက်မှုနည်းနိုင်သမျှနည်းအောင်ရွေးပြီးဗုံးလာကြဲသည်ကိုလည်းလုံးဝအယုံအကြည်မရှိပါ။ ဗုံးလာကြဲသည့်အ ခါအရပ်သားပြည်သူနေထိုင်သည့်ရပ်ရွာမှာလာကြဲသဖြင့်အရပ်သား ပြည်သူကလေးသူငယ်များ သေကြေ ဒါဏ်ရာရရှိသွားသည်ကိုတွေ့ရသည်။ဗိုလ်မှူးချုပ်ဇော်မင်းထွန်းပြောဆိုရှင်းလင်းမှုကို လုံးဝအယုံအကြည် မရှိပါဟုအများတကါနားလည်သိရှိအောင်ပြန်လည်ရှင်းလင်းလိုပါသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်းရှင်းလင်းပြောကြားချက်နှင့်ပတ်သက်၍ မိမိတို့အမှတ် (၅)တပ်မဟာ တာဝန်ရှိသူများအနေဖြင့်ပြန်လည်ရှင်းလင်းပြောကြားလိုသည်မှာအမှတ်(၅)တပ်မဟာသည် ခေါင်းမာပြီးငြိမ်းချမ်းရေးကိုမလိုလာပဲ(NCA)စာချုပ်ကိုချိုးဖေါက်နေခြင်းမဟုတ်ပါ။ KNLA အမှတ်(၅)တပ်မဟာသည်ညီတူ ညီမျှတန်းတူအခွင့်အရေးရှိသည့်တကယ့်စစ်မှန်သောငြိမ်းချမ်းရေးကိုသာလိုလားပါသည်။ ညီတူညီမျှ တန်းတူအခွင့်အရေးမရှိသည့်အတုအယောင်ငြိမ်းချမ်းရေး၊မင်းအောင်လှိုင် စစ်အာဏာရှင်ပေးမည့် ကျွန်ငြိမ်းချမ်းရေးမျိုးကိုမလိုချင်ပါ။ထို့ကြောင့်မင်းအောင်လှိုင်စစ်အုပ်စုမှဖွံ့ဖြိုးရေးအကြောင်းပြပြီးနယ်မြေ စိုးမိုး ရေး၊ စစ်ဆင်ရေး၊လမ်းကြောင်းဖေါက်ရန်တောင်းဆိုညှိနှိုင်းမှုကို(KNLA)အမှတ်(၅)တပ်မဟာခေါင်းဆောင်များလက်မခံနိုင်သဖြင့်ခေါင်းမာသည်ဟုစွပ်စွဲပြောကြားခြင်းသာဖြစ်သည်။

NCA အပစ်ရပ်စာချုပ် ချိုးဖေါက်မှုနှင့်ပတ်သက်၍ မိမိတို့ KNLA အမှတ်(၅)တပ်မဟာသည် NCA အပစ်ရပ်စာချုပ်ကိုချိုးဖေါက်ခြင်းလုံးဝမပြုလုပ်ပါ။ NCA အပစ်ရပ်စာချုပ်ကို ချိုးဖေါက်သည်မှာ မင်းအောင်လှိုင် စစ်အာဏာရှင်ခေါင်းဆောင်များသာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆို သော် NCA စာချုပ်တွင် ပါဝင်သည့် အချက်တစ်ချက်ဖြစ်သည် လက်မှတ်ရေးထိုးပြီးလျှင် နှစ်ဖက်တပ်အ ကြားတွေ့ဆုံ၍ အပစ်ရပ် ဒေသ၊ တပ်နေရာချထားရေး၊တပ်စခန်းရုတ်သိမ်းပြောင်းရွှေ့ခြင်းစသည့်အချက်များကိုညှိနှိုင်းလုပ်ဆောင်ရမည် ဖြစ်သော်လည်း မင်းအောင်လှိုင်စစ်အာဏာရှင်ဖက်မှတွေ့ဆုံညှိနှိုင်းမှုဖြစ်မြောက်ရန် လုံးဝလုပ်ဆောင် ခြင်းမပြုလုပ်သည့်အပြင်ဖွံ့ဖြိုးရေးအကြောင်း၊ နယ်မြေစိုးမိုးရေး၊ စစ်ဆင်ရေးလမ်းကြောင်း ဖေါက်လုပ်ရန်သာတစိုက်မှတ်မှတ်ပြောဆိုပြီးမိမိတို့ဖက်မှသဘောမတူသော်လည်းအတင်းအဓမ္မလမ်းဖေါက်လုပ်လာသည့်အ တွက် တပ်နှစ်ဖက်ကြားတင်းမာမှုဖြစ်လာကာနောက်ဆုံးတစ်ဖက်နှင့်တစ်ဖက်ကြား ပစ်ခတ်မှုဖြစ်လာရခြင်းဖြစ်ပါသည်။

ပို၍ဆိုးဝါးသည်မှာ တပ်နှစ်ဖက်ကြားပစ်ခတ်မှု စတင်ပြီးပို၍ဆိုးမသွားရန် နှစ်ဖက်ခေါင်းဆောင်မှ ပစ်ခတ်မှုရပ်တန့် ရန်စားပွဲဝိုင်းတွင်တွေ့ဆုံညှိနှိုင်း အဖြေရှာရမည် ဖြစ်သော်လည်း စစ်အာဏာရှင် အုပ်စုဖက်မှတွေ့ဆုံညှိနှိုင်းရန်ဆန္ဒလုံးဝမရှိသည့်အတွက်တစ်ဖက်နှင့်တစ်ဖက်အကြားပစ်ခတ်ရပ်တန့်ခြင်းမရှိပဲ ပစ်ခတ်မှုအရှိန်မြင့်လာခဲ့ပါသည်။

တဆက်တည်းမှာပဲ စစ်အာဏာရှင်အုပ်စုခေါင်းဆောင်များမှ တိုင်းပြည်အာဏာကိုမတရားသဖြင့် သိမ်းယူကာတိုင်းပြည်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်သမ္မတဦးဝင်းမြင့်နှင့်အခြား နိုင်ငံခေါင်း ဆောင်အများအပြားကိုဖမ်းဆီးထိန်းသိမ်းထောင်ချခဲ့သဖြင့်အပစ် အခတ်ရပ်စဲရေးနိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုလုံးကိုရပ်တန့်စေခဲ့ပါသည်။

တိုင်းပြည်အာဏာကိုအဓမ္မသိမ်းယူပြီးနောက် ဒီမိုကရေစီပြန်လည်ရရှိရေးနှင့် ဖမ်းဆီးထားသော နိုင်ငံ ခေါင်းဆောင်များနှင့်အခြားနိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊သတင်းမီဒီယာသမားများကို ပြန်လည်လွှတ်ပေးရေးဆန္ဒပြတောင်းဆိုသည့်လက်နက်မဲ့ပြည်သူများ၊ လူငယ်ကျောင်းသားကျောင်းသူများနှင့်ရဟန်းသံဃာများကိုရက်စက်ယုတ်မာစွာ ပစ်ခတ်သတ်ဖြတ်ဖြိုခွင်းခဲ့သည့်လုပ်ရပ်အားလုံးသည် NCA ပါအချက်များမကပဲ NCA စာချုပ်တစ်ခုလုံးကိုပါချိုးဖေါက်သည့်လုပ်ရပ်ဖြစ်ပါသည်။

ထို့ကြောင့် NCA အပစ်စာချုပ်ကိုချိုးဖေါက်ခြင်းသည်မိမိတို့ (KNLA) အမှတ်(၅)တပ်မဟာမှတာဝန်ရှိသူများမဟုတ်ပဲတိုင်းပြည်အာဏာကို အတင်းအဓမ္မသိမ်းယူသည့်၊ စစ်အာဏာရှင်အုပ်စုစစ်ကောင်စီ အဖွဲ့သာဖြစ်ကြောင်းပြန်လည်ရှင်းလင်းတင်ပြလိုပါသည်။


အလုပ်အမှုဆောင်ကောင်မီတီ
ကေအန်ယူ–ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင်
ကော်သူးလေ

ဆက်သွယ်ရန် –
ပဒိုစောမန်းမန်း – ဖုန်း (+၆၆၈၇၉၄၃၈၇၅၀)
ဒုဗိုလ်မှူးကြီး စောကလယ်ဒို – ဖုန်း (၀၉၈၈၃၉၄၃၃၂၆ )